
သခင့်စကား
ဝိညာဉ်ရေးရာစာစောင်

ငါမိန့်မြွက်သော စကားလည်း ဖောက်ပြန်ခြင်း မရှိရ၊ ဆာလံ ၈၉း၃၄

အမှတ်စဉ် (၄၂) ဖေဖော်ဝါရီလ ၂၀၀၅ ခုနှစ် စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

# မာရ်ငါးပါးကိုအောင်မြင်သောဘုရား ယေရှုခရစ်တော်

ရှေးဦးစွာ အဖဘုရားရှင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းပါတယ်။
*အသက်ရှင်သော ဘုရား၊
*သေခြင်း မစ္စုမာန်ကို အောင်သော ဘုရား၊
*ကယ်တင်ခြင်း အသက်လမ်းကို ပေးသော ဘုရားရှင်ကို သိကျွမ်းရသော ကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အာမင် ။



ကျွန်မဟာ ( မယုံကြည်သူ ) ခရစ်ယာန် မဟုတ်တဲ့ မိသားစုကနေ ပြောင်းလဲလာတဲ့သူ ဖြစ်ပါတယ်။ ကျွန်မ ငယ်ငယ် ကလေးဘဝ ကတည်းက ကျွန်မ သိပ်သိချင်တဲ့ အရာကတော့ လူဟာ ဘယ်က စဖြစ်လာတာလဲ။ ယောက်ျားနဲ့ မိန်းမ ဘယ်က ဘယ်လိုဖြစ်လာတာလဲ ဆိုတာကို သိပ်သိချင်ခဲ့ပါတယ်။

ကျွန်မ ကြီးပြင်းလာတဲ့ အသိုင်းအဝိုင်း ထဲက အဖိုးအဖွား၊ လူကြီး မိဘတွေ ကို မေးခဲ့ပေမဲ့၊ မရရှာတဲ့ အဖြေ တွေကိုဘဲ ရခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ (၁၉၈၇ နိုဝင်ဘာလ) သူငယ်ချင်း တစ်ယောက်ရဲ့ ခေါ်ဆောင်မှုကြောင့် ကျွန်မဟာ မြောက်ဥက္ကလာပ ပိုးကရင် နှစ်ခြင်း အသင်းတော်ရဲ့ ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကို တက်ရောက်ခဲ့ပါတယ်။ သူငယ်ချင်းရဲ့ မိတ်ဆက်ပေးမှုကြောင့် လူငယ် ဥက္ကဌ ဆရာမ နန့်မြမြဝင်း နဲ့ သိခွင့်ရခဲ့ပြီး၊ ဖန်ဆင်းရှင် ဘုရား အကြောင်းနဲ့ ကျွန်မ သိပ်သိချင်တဲ့ လူသားတွေ ဘယ်က ဘယ်လို စဖြစ်လာသလဲဆိုတဲ့ အချက်ကို သိခွင့် ရခဲ့ပါတယ်။ ဘုရားသခင်က လူကို ဖန်ဆင်းတယ်ဆိုတဲ့ အချက်ကို သိခဲ့ရလို့ ကျွန်မ သိပ်ပျော်ခဲ့ပါတယ်။

ကျွန်မကို ဆရာမက ကျမ်းစာအုပ် တစ်အုပ် လက်ဆောင် ပေးခဲ့ပါတယ်။ အဲဒီအချိန်က စပြီး ကျွန်မဟာ ကျမ်းစာ လေ့လာနေရင်းနဲ့ အသက်ရှင်တဲ့ ဘုရား အကြောင်း သိခွင့်ရတဲ့အပြင် ဘုရားရှင်က ကျွန်မကို သူ့ရဲ့ အမှုတော်ထဲမှာ ပါဝင်ဖို့ ရွေးကောက်ခဲ့ပါတယ်။ ကျွန်မ ကျမ်းစာ လေ့လာနေရင်းနဲ့ ဖလလောက် အကြာမှာ ကျွန်မအတွက် ကြီးမားတဲ့ ပြဿနာ စဖြစ်ခဲ့ပါတယ်။

အဲဒီ ပြဿနာကတော့ ကျွန်မ ခရစ်တော်ကို လက်ခံပြီး ဘုရားကျောင်း သွားတက်နေတာကို ကျွန်မရဲ့ မိဘ မောင်ဘွားတွေ သိသွားခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်မရဲ့ မိဘတွေက သူတို့ မိရိုးဖလာ ကိုးကွယ်လာတဲ့ ဘာသာတရားကို ကျွန်မကိုလဲ လက်ဆင့်ကမ်း မျိုးဆက်သစ် အနေနဲ့ ဆက်လက်ကိုးကွယ်စေလိုပါတယ်။ ထုံးတမ်းစဉ်လာ အတိုင်း သာသနာ့ဘောင်ထဲ ဝင်ဖို့ ကျွန်မကို ပြောလာပါတယ်။

အဲဒီအချိန်မှာ ကျွန်မကလဲ ခရစ်တော်ဘုရားကို ယုံကြည်ခါစ အချိန်ဖြစ်တဲ့အတွက် အမျိုးမျိုး ငြင်းဆန် ခဲ့ပါတယ်။ ကျွန်မကို ဧဝံဂေလိ ဟောပြောခဲ့တဲ့ ဆရာမ ဆီကိုသွားပြီး တိုင်ပင်ခဲ့ပါတယ်။ ဆရာမက ကျွန်မ အတွက် အထူး ဆုတောင်းပေးပါတယ်။ ဘုရားသခင်ရဲ့ လမ်းပြမှုကို ခံယူပါလို့လဲ ပြောပါတယ်။

အဲဒါနဲ့ ကျွန်မ ဘုရားသခင်ကို စိန်ခေါ်ခဲ့ပါတယ်။ ဘုရားသခင်ဟာ အမှန်တကယ် အသက်ရှင်တဲ့ဘုရား ဖြစ်တယ်ဆိုရင် ကျွန်မအတွက် ခိုင်လုံတဲ့ အဖြေပေးပါလို့ ဆုတောင်းပြီး ကျမ်းစာဖတ်တဲ့အခါ ဘုရားသခင်က တိကျတဲ့ အဖြေကို ပေးခဲ့ပါတယ်။

**ဟေရှာယ ၄၄း၁၄(ခ)–၁၅ ၊ … … အာရစ်ပင်ကို စိုက်၍ မိုးရေလဲ မွေးတတ်၏။ လူသုံးရန် ထင်း ဖြစ်၏။ လူလဲ ယူ၍ မီးလှုံတတ်၏။ တဖန် မီးမွေး၍ မုန့်ကို ပေါင်းတတ်၏။ တဖန် ဘုရားကို လုပ်၍ ကိုးကွယ်တတ်၏။ ရုပ်တုကို ထုလုပ်၍ ရုပ်တုရှေ့မှာ ပြပ်ဝပ်တတ်၏။**

**ငါသည် သင့်ကို နာမည်ဖြင့် ခေါ်သော ဣသရေလအမျိုး၏ ဘုရား သခင် ထာဝရဘုရား ဖြစ်တော်မူကြောင်းကို သင်သိရလိမ့်မည်။ ဟေရှာယ ၄၅း၃**

ဘုရားသခင်ဟာ ကျွန်မအတွက် ဟေရှာယ ၄၄ နဲ့ ၄၅ တစ်ခန်းလုံးကို ပေးပြီး အဖြေပေးခဲ့ပါတယ်။

အဲဒီ အချိန်မှာ ကျွန်မအတွက် တစ်သက်တာ ကိုးကွယ်ရမဲ့ ဘုရားစစ် ဘုရားမှန်ကို ကျွန်မ မှန်မှန်ကန်ကန် ရွေးချယ်နိုင်ခဲ့ပါတယ်။

**ငါမှတပါး အခြားသော ဘုရားမရှိ၊ ငါတပါးတည်းသာ ထာဝရဘုရား ဖြစ်ကြောင်းကို နေထွက်ရာ အရပ်သားနှင့် အနောက်မျက်နှာသားတို့သည် သိရကြလိမ့်မည်။ ဟေရှာယ ၄၅း၆**

ဘုရားရှင်ကိုဘဲ ယုံကြည် ကိုးကွယ်ခဲ့တဲ့အတွက် ကျွန်မ မိသားစုတွေနဲ့ ဆန့်ကျင်ဘက်လမ်းကို လျှောက်ခဲ့ရပါတယ်။ ဘုရားရှင်ဟာ ကျွန်မဘဝရဲ့ အသေးစိတ်အားလုံးကို တာဝန်ယူ ဖြေရှင်းပေးခဲ့ပါတယ်။ ဘုရားရှင်သာလျှင် ကျွန်မရဲ့ မိဘ၊ ကိုးကွယ်ရာ၊ အားကိုး ခိုလှုံရာ ဖြစ်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ အသက်တာ တစ်ခုလုံးကို ထိုသခင်၌ ရဲဝံ့စွာ အပ်နှံပြီး အသက်တာ အသီးသီးကို လျှောက်လှမ်းပါလို့ အနည်းငယ် ဝေငှ သက်သေခံလိုက်ပါတယ်။

## “ မာရ် ငါးပါးကို အောင်သောဘုရား ”

၁။ **ခန္ဓာမာရ်** – မေထုန် သံဝါသအားဖြင့် ဘွားသော သားမဟုတ် ။
( သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် ပဋိသန္ဓေ ရသည်။ )
ဟေရှာယ ၇း၁၄၊ မဿဲ ၁း၂၀–၂၃၊ ဟေရှာယ ၉း၆

၂။ **ကိလေသာမာရ်** – လောကီ အညစ်အကြေးနှင့် ကင်းစင်သည်။ လူပျို စင်စစ်ဖြစ်သည်။

၃။ **ဒေဝပုတ္တမာရ်** – မာရ်နတ်ကို အောင်နိုင်သူ ဖြစ်သည်။ ( မဿဲ ၄း၁–၁၁ )


၄။ **မစ္စုမာရ်** – သေခြင်းကို အောင်မြင်သူဖြစ်သည်။ ( မဿဲ ၂၈၊ မာကု ၁၆၊ လု ၂၄၊ ယော ၂၀)

၅။ **အဘိသင်္ခါရမာရ်** – မပြောင်းမလဲ ကိုယ်ခန္ဓာဖြင့် ထမြောက်ခြင်း။
( ယော ၂၀း၂၄ – ၂၉ )

ခရစ်တော်၏ နာမတော်မြတ်၌ – **( ခိုင်ခိုင် )**

# သခင့်စကား

သင်သည်
လောက အရေး ၊ သားသမီး ရေးကြောင့်
အတွေး ယောက်ယက် ခတ်နေလျှင် –



စီးပွားရေး ကျ ၊ ဥစ္စာခန ကြောင့်
အိပ်မရ သောက ဝေခဲ့လျှင် –

ရောဂါဘယ ၊ ဝေဒနာများက
ဖိစီး နှိပ်စက် စိတ်ပျက်လျှင် –

လောဘ ဒေါသ မောဟ များကြောင့်
လမ်းစ ပျောက်ကာ အခြေမဲ့လျှင် –

ယနေ့ –
သင့်အတွက် ...
ကပ်ကမ္ဘာ ကုန်သွား ၊ မတည်ငြားလဲ
သင်နှင့်အတူ၊
ငါသည် အမြဲ ၊ စဉ်ရှိဆဲ တဲ့ ၊
သခင့်စကား ကို သင့် နား မှာ
အမြဲ ကြားယောင်ပါ အဆွေ ။ ။

**လောလော ( မြင်သာ )**

ဝန်ခံချက် ။ ။ ဘုရားရှင်၏ ကောင်းမြတ်ခြင်းများကို သက်သေခံ ဝေငှရန် လမ်းစလေး တစ်ခုဖြစ်သော "သခင့်စကား" စာစောင်လေးအား ကျေးဇူးတင် ဂုဏ်ပြုလျှက် ... )

ooooooooooooooooooooooooooooooooooooooooooooooo

## ကျွန်တော်၏ရင်တွင်းစကား(၁၀)



ဟောင်းနွမ်း သွားလို့တဲ့ –
အသုံးအဆောင် တစ်ချို့ အမှိုက်ပုံးထဲ ရောက်သွားတယ်။
ပျက်စီးသွားလို့တဲ့ –
ကိရိယာတစ်ချို့ ဖျက်ဆီးခံလိုက်ရတယ်။
ခေတ်ကုန် သွားလို့တဲ့ –
ကုန်ပစ္စည်းတစ်ချို့ ချောင်ထိုး ခံလိုက်ရတယ်။
ရက်လွန်သွားလို့တဲ့ –
အစားအစာတစ်ချို့ စွန့်ပစ် ခံလိုက်ရတယ်။
အိုမင်း သွားလို့တဲ့ –
ဝန်ထမ်းတစ်ချို့ အလုပ်ဖြုတ်ခံလိုက်ရတယ်။
ရိုးအီ သွားလို့တဲ့ –
အရာဝတ္ထုတစ်ချို့ လဲလှယ် ခံလိုက်ရတယ်။
ညစ်ညမ်း လို့တဲ့
စာမူတစ်ချို့ ပယ်ဖျက် ခံလိုက်ရတယ်။
ဆိုးလွန်း လို့တဲ့
လူတစ်ချို့ အကျဉ်းချ ခံလိုက်ရတယ်။
ဒါပေမဲ့ –
ပင်စင်ယူပြီးမှ ကုလီ ပြန်ထမ်းနေတဲ့ အဖိုးအို။
ထောင်ကျပြီးမှ လွတ်ငြိမ်းချမ်းသာခွင့် ရသွားတဲ့ အကျဉ်းသား။
အဟောင်းတန်းမှာ ရောင်းပန်း ပြန်လှနေတဲ့ အပျက်ကုန်။
Recycle bin ထဲက restore ပြန်လုပ်ခံလိုက်ရတဲ့ data တစ်ချို့။
ဟုတ်ကဲ့ – သခင် ...
ဒီခေတ်မှာ လူတွေ လိုချင်တာနဲ့ ငြိငြင်တာဟာ
နောင်ခေတ်မှာ ပြောင်းပြန်ဖြစ်သွားနိုင်ပါရဲ့ ။
သို့သော်ငြားလည်း –
မရဏာရောက်သွားတဲ့ ဝိညာဉ်တစ်ချို့ကို restore ပြန်လုပ်ပေးမဲ့ software ကိုတော့ Virus က လက်ဦး သွားလေရဲ့။ ။

**( မင်းအောင်သက်လွင် )**

ooooooooooooooooooooooooooooooooooooooooooooooo




ကျွန်တော် စင်ကာပူ ရောက်တာ ၁၀နှစ် နီးပါး ရှိသွားပါပြီ။ မှတ်မှတ်ရရ ပါဘဲ၊ ဒီနှစ် ခရစ္စမတ်ဟာ အရင်နှစ်တွေနဲ့ လုံးဝ မတူဘဲ၊ တမူ ထူးထူးခြားခြား ဖြစ်နေပါတယ်။ အရင့်အရင် နှစ်တွေတုံးက Orchard လမ်းမကြီး ပေါ်က Christmas decoration တွေဟာ ဆန်းတာ ကလေ့ ဘိုးဘိုးရုပ်တွေ၊ ရောင်စုံ ကြယ်တွေ၊ လျှပ်စစ်မီး တွေကိုဘဲ အတွေ့ များခဲ့ပါတယ်။

၂၀၀၄ ခုနှစ် ခရစ္စမတ်ကတော့ အရင်နဲ့ မတူဘဲ။ Takashimara နဲ့ Ngee ann city ရှေ့မှာ ခရစ်တော် မွေးဖွားခြင်း ကို သရုပ်ဖော်ထားတဲ့ နွားတင်းကုတ်၊ နွားစားခွက်၊ သူငယ်တော် ယေရှု၊ ကုလားအုတ်၊ သိုး၊ နွားတွေကို အရုပ်ကြီးကြီးတွေနဲ့ ပြုလုပ်ထားကြပြီး၊ ယောသပ်၊ မာရိ၊ ပညာရှိသုံးပါး၊ သိုးထိန်း၊ ရောမစစ်သား တွေကိုတော့ လူအစစ်တွေနဲ့ ရောမခေတ်က ပုံစံအတိုင်း ဝတ်စားထားပြီး သရုပ်ဆောင် ထားကြတာကို တွေ့ရပါတယ်။

ဒါတင် မကသေးပါဘူး။ လမ်းဆုံ လမ်းထောင့်တွေမှာ မဏ္ဍပ်တွေ ထိုးထား ပြီးတော့ စင်ကာပူနိုင်ငံမှာ ရှိတဲ့ ခရစ်ယာန် အသင်းတော်ပေါင်းစုံက ခရစ်ယာန်တွေဟာ နိုဝင်ဘာ လဆန်းလောက်က စပြီး ဒီဇင်ဘာ ၂၃ရက်နေ့ အထိ နေ့တိုင်း အလှည့်ကျ ခရစ္စမတ် အစီအစဉ်တွေကို လုပ်ပေးခဲ့ပါတယ်။

အရင့်အရင် နှစ်တွေတုံးက စီးပွားရေးသမားတွေရဲ့ ကြော်ငြာတွေ စတီရီယို သီချင်းသံတွေနဲ့ ပွက်လောရိုက်ခဲ့ပေမဲ့ ဒီနှစ်မှာတော့ ခရစ္စမတ် ဓမ္မသီချင်းသံ တွေက စင်ကာပူနိုင်ငံကို လွှမ်းခြုံသွားပါတော့တယ်။

ဒီဇင်ဘာ ၂၆ရက်နေ့မှာ အာရှနိုင်ငံ အတော်များများဟာ ဆူနာမီ လူသတ် လှိုင်းလုံးအောက်မှာ အသက်ပေါင်းများစွာဆုံးရှုံး သွားခဲ့ကြပါတယ်။ အဲဒီနေ့ မနက်စောစော စင်ကာပူ **East coast** က **car park G** မှာ အသင်းတော် တစ်ခုက သင်းအုပ်ဆရာနဲ့ အသင်းသားတစ်ချို့ဟာ မယုံကြည်သူ နှစ်ဦးကို နှစ်ခြင်းမင်္ဂလာ ပေးဖို့အတွက် ပင်လယ်ကမ်းစပ်ကို ရောက်ရှိ နေခဲ့ပါတယ်။

နိုင်ငံ တော်တော်များများကို အိမ်လောက်နီးနီးမြင့်တဲ့ လူသတ် လှိုင်းလုံးကြီးတွေက ဖုံးအုပ်သွားပေမဲ့ ဘာ့ကြောင့် စင်ကာပူကို ရေမလွှမ်း ခဲ့တာလဲ။ အဖြေ အမျိုးမျိုး၊ ထင်ကြေး အမျိုးမျိုး ရှိပေမဲ့။

**သမုဒ္ဒရာ ရေသည် ဟုန်းဟုန်းမြည်၍ မွှေနှောက်ပါလေစေ။ လှိုင်းတံပိုး ထသဖြင့် တောင်များ တုန်လှုပ်ပါလေစေ။ – – – ထိုမြို့သည် ဘုရားသခင် ကျိန်းဝပ်တော်မူရာဖြစ်၍ တုန်လှုပ်ခြင်း မရှိရာ၊ မိုးသောက် လင်းစ၌ ဘုရားသခင် ကူမတော်မူလိမ့်မည်။ ဆာလံ ၄၆း ၃ ၊ ၅**

ဆိုတဲ့ ကျမ်းစကားနဲ့ စင်ကာပူနိုင်ငံမှာ ရှိတဲ့ ယုံကြည်သူ အယောက်ဆီတိုင်းရဲ့ ယုံကြည်ခြင်းကြောင့် ချမ်းသာရာ ရခဲ့တယ်လို့ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ်။

**( အက်ဖစ်စ် )**

# လူငယ့်အသံ

၂၁ ရာစုထဲမှာ ရှင်သန် နေထိုင်ခွင့်ရတဲ့ လူငယ် အများစုဟာ အရင်တုံးက တစ်ခါမှ မကြုံဖူးတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင် နေရပါတယ်။ ကွန်ပျူတာ မောက်စ် ကို တစ်ချက် နှိပ်လိုက်တာနဲ့ အင်တာနက်က တဆင့် နိုင်ငံတကာအရေး၊ ကမ္ဘာ့စီးပွားရေးနဲ့ စကြဝဠာကြီး တစ်ခုလုံးရဲ့ လုပ်ငန်းစဉ်တွေကိုပါ အသေးစိတ် သိနိုင်တဲ့ အဆင့်ကို ရောက်နေ ပါပြီ။

အခြားတစ်ဘက်က ပြန်ကြည့်ရင်လဲ အဲဒီ အင်တာနက် ထဲကဘဲ လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေရေး ရုပ်ပုံကားချပ်တွေကိုပါ အလွယ်တကူ မြင်နိုင်ပြီး အရင်တုံးက တစ်ခါဘူးမှ မကြုံခဲ့ဖူးတဲ့ ညစ်ညမ်းတဲ့ အသိအမြင်တွေကိုပါ ရနိုင်မှာ ဖြစ်ပါတယ်။

နည်းပညာပိုင်း ဆိုင်ရာမှာ တိုးတက်လာသလို၊ သောက ဖိစီးမှုတွေကလဲ ပိုပြီးများလာပါတယ်။ ဘဝကို ချောချောမွေ့မွေ့ အခက်အခဲမရှိ ကုန်လွန် ပြီးစီးနိုင်မယ်လို့ ဘယ်သူမှ အာမခံလို့ မရတော့ပါဘူး။ ရရှိထားတဲ့ ဘွဲ့၊ ဒီဂရီ၊ အလုပ်အကိုင်၊ ငွေရေးကြေးရေး၊ အသိုင်းအဝိုင်း၊ စီးပွားဥစ္စာ၊ နိုင်ငံကြီးကြီးမှာ နိုင်ငံသားအဖြစ် နေထိုင်ခွင့်ရခြင်း ဆိုတဲ့ လူတွေသိပ်ကြိုက်တဲ့ ကောင်းပေ့ ညွှန့်ပေ့ဆိုတဲ့ အရာတွေကလဲ မိတ်ဆွေရဲ့ သောကဖိစီးမှုကို ပြေအောင် ဖြေနိုင်လိမ့်မယ် မထင်ဘူး။

စစ်တမ်း ကောက်ယူချက်အရ စင်ကာပူနိုင်ငံမှာ ကလေးဖျက်ချတဲ့ ဆယ်ကျော်သက် စုံတွဲတွေဟာ တစ်နှစ်မှာ လူဦးရေ ၃ထောင်နီးပါး ရှိတယ်လို့ သိရပါတယ်။ ခရစ်ယာန်လူငယ်လေးတွေအနေနဲ့ ကလေးဖျက်ချတာဟာ မကောင်းဘူးဆိုတဲ့ အသိတရား သိရှိနဲ့ မပြီးသေးပါဘူး။ ဘာ့ကြောင့် မကောင်းတာလဲဆိုတဲ့ အဆင့်ထိ သိဖို့လိုပါတယ်။ လူငယ်တွေရဲ့ တန်ဖိုးကို ဈေး အဆစ် မခံပါနဲ့ ။ လူငယ်တို့ရဲ့ အလင်းရောင်ကို မမှိန်ပါစေနဲ့။

ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာကြီးရဲ့ စိတ်ဓါတ်ရေးရာ၊ ဝိညာဉ်ရေးရာ အဆင့်အတန်းဟာ တဖြည်းဖြည်း နိမ့်ကျလာလို့ဘဲ ဖြစ်ပါတယ်။ လူငယ်တို့လဲ ရောယောင်ပြီး နိမ့်ကျ မသွားဖို့ လိုပါတယ်။ လူငယ်တွေရဲ့ တန်ဖိုးကို အရောင်တင်ဖို့ လိုသလို ကိုယ်ကျင့်တရားကိုလဲ ထိန်းသိမ်းဖို့ လိုပါတယ်။ ခရစ်ယာန် လောကထဲမှာလဲ လူငယ်တွေ စံပြထားနိုင်မဲ့ သူဟာ အပြောသမား သက်သက်၊ အဟောကောင်းရုံ သက်သက် မဟုတ်ဘဲ အကျင့်ကောင်းနဲ့ အသက်ရှင်ပြနိုင်တဲ့ ဆရာသမားတွေ ခေါင်းဆောင်တွေ လိုနေပါတယ်။ လူငယ်တွေကလဲ ဘုရားအလိုတော်အတိုင်း လိုက်လျှောက်အသက်ရှင်ပြီး ကာမဂုဏ် ချုပ်တည်းနိုင်တဲ့သူကို မျှော်လင့် တောင့်တနေကြပါတယ်။

ကျွန်တော်တို့ ဆယ်ကျော်သက် ဘဝတုံးက ကိုယ့်ကိုယ်ကို လူရာဝင်ပြီလို့ သတ်မှတ်ပြီး ကိုယ့်ကိုယ်ကို အကျေနပ်ကြီး ကျေနပ်နေခဲ့ ဖူးတယ်။ လောကကြီးထဲမှာ ကိုယ်ဝင်ဆန့်မဲ့ နေရာ တစ်နေရာကို ရှာဖွေ ခဲ့ဖူးပါတယ်။ ဒါပေမဲ့ စိတ်ကျေနပ်မှု မရခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လောကကြီးဟာ အဓိပ္ပါယ်မဲ့ ရွေ့လျားနေလို့ဘဲ ဖြစ်ပါတယ်။ မကျေနပ်တဲ့ အတွက် ဒေါသ ထွက်ခဲ့ရပြီး မကြာခဏ စိတ်လှုပ်ရှားဖြစ်ပြီး ပုန်ကန်ချင်တဲ့ စိတ်တွေ ပေါ်လာတတ်ပါတယ်။

အရေး အကြီးဆုံးကတော့ ဘယ်လူငယ်အုပ်စုမှာ မဆို ချစ်ခြင်း မေတ္တာရှိဖို့လိုအပ်ပါတယ်။

**သင်တို့သည် ခပ်သိမ်းသော အမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက်ကြလော့။ ၁ကော ၁၆း၁၄**

**( လူရှင် )**

# နားဦး နည်းနည်းဝယ်ခဲ့ပါ

အသင်းတော် တစ်ခုရဲ့ လူငယ် ကျမ်းစာ သင်တန်းမှာ သင်းအုပ်ဆရာက "ဘုရားသခင်၏ အမိန့်များ" လို့ အမည်ရတဲ့ ခေါင်းစဉ်နဲ့ လူငယ်တွေကို ကျမ်းစာ သင်ပေးနေပါတယ်။ ဘုရားသခင်ဟာ သူ့ရဲ့ မဟာ အမှုတော်မြတ်ကြီး ပြီးဆုံးဖို့ လူသား တွေနဲ့ အတူ ပူးပေါင်း ဆောင်ရွက်ကြောင်း။ ဓမ္မဟောင်း ကျမ်းထဲမှာဆိုရင် ရှမွေလ၊ မောရှေ။ ဓမ္မသစ်ကျမ်း ထဲမှာဆိုရင် ရှောလု(ပေါလု) စတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဘုရားက စကားပြောပြီး စေခိုင်း အမိန့်ပေးခဲ့တယ်။ ဒါ့ကြောင့် ဒီနေ့ ခေတ်လူငယ်တွေလဲ ဘုရားစကားကို နားစိုက်ထောင်ပြီး အသက်ရှင်ပါလို့ အာဝဇ္ဇန်း ရွှင်ရွှင်နဲ့ ပြောသွားပါတယ်။

လူငယ် တွေထဲက တော်မီဆိုတဲ့ ချာတိတ်က ခေါင်း နန် မာတယ်၊ လက်တွေ့သမား၊ အယုံလွယ်တဲ့သူ မဟုတ်။ ဒါ့ကြောင့် ဆရာ့ ဝေ့ချက်ကို တခြား လူငယ်တွေက ခေါင်းတညိတ်ညိတ် ထောက်ခံနေပေမဲ့ သူက

နောက်ကနေ ခေါင်းကို တွင်တွင်ရမ်းနေလေရဲ့။ "အလကားပါကွာ၊ ဒီခေတ်ကြီးထဲမှာ ဘုရားက လူတွေကို သမ္မာကျမ်းစာအားဖြင့် စကားပြော နေပြီဘဲ၊ ထူးထူးခြားခြား အသံတော်တွေ၊ ရောင်ခြည်တော်တွေ လွှတ်ပြီး ပြော မနေတော့ပါဘူး" လို့ သူ့ဘေးက လူကို ကပ်ပြောလိုက်တယ်။ ပြီးတော့ နောက်သလို ပြောင်သလိုနဲ့ မျက်စိစုံမှိတ်ပြီး "ဘုရားသခင် တကယ် အသက်ရှင်တယ် ဆိုရင် ကျွန်တော့်ကို လက်တွေ့ စကားပြောပါ၊ အမိန့်ပေးပါ" လို့ ဆုတောင်းလိုက်တယ်။

ကျမ်းစာသင်တန်း ပြီးသွားတော့ တော်မီ ကားမောင်းပြီး အိမ်ကို ပြန်လာခဲ့တယ်။ အိမ်အပြန် ညသုံးနာရီ လောက်မှာ တစ်ယောက်ထဲ ကားမောင်း လာရင်း "နွားနို့ နည်းနည်းဝယ်ခဲ့ပါ" ဆိုတဲ့ အမိန့်ပေးသံကို နားနဲ့ ဆတ်ဆတ် ကြားလိုက်ရလို့၊ ကျမ်းစာသင်တန်းက အပြန် သူငယ်ချင်း တစ်ယောက်ယောက်ကများ သူ့ကားထဲ ဝင်ပုန်းနေပြီး စကားပြောသလားလို့ ထင်သွားတယ်။

ဒါပေမဲ့ ကားထဲမှာက သူတစ်ယောက်တည်း။ ကရုမစိုက်ဘဲ ကားကို ဆက်မောင်းတယ်။ "နွားနို့ နည်းနည်း ဝယ်ခဲ့ပါ" ဆိုတဲ့ အသံကို ထပ်ကြားရတယ်။

ဒီတစ်ခါတော့ တော်မီ တွေဝေသွားတယ်။ ခေါင်းမာတဲ့သူ ပီပီ နား မထောင်ဘဲ ကားဆက်မောင်းလို့ တတိယအကြိမ်မြောက် စကားသံကို ထပ်ကြားရတော့ သူ့ဆုတောင်းချက်နဲ့ ဆရာ့ရဲ့ သွန်သင်ချက်ကို သတိရ မိတယ်။ ကားအရှိန်လျှော့ပြီး ပါတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သူရောက်နေတဲ့ နေရာက စီးပွားရေး အတော်အသင့် အဆင်ပြေတဲ့ ရပ်ကွက် တစ်ခုထဲ ရောက်နေတာကို သတိထားလိုက်မိတယ်။ အချိန်က ည ၁၁နာရီ ကျော် လူတွေအားလုံးနီးပါး အိပ်နေကြပြီ။ ၂၄နာရီဖွင့်တဲ့ ကုန်စုံဆိုင် တစ်ခုနားကို ရောက်လာတော့ ရပ်လိုက်တယ်။

တော်မီက နွားနို့ မသောက်တတ်ပါဘူး။ သူက လက်ဖက်ရည် သမား၊ နို့ညှီနံ့ကို မခံနိုင်လို့ မသောက်တာ ငယ်ငယ် ကတည်းက။ အခုတော့ အမိန့်ပေးတဲ့ သူက နွားနို့ နည်းနည်းဝယ်ခဲ့ပါတဲ့။ ဘုရားသခင် ကိုယ်တော် ခိုင်းတာဆိုရင် ကျွန်တော် လုပ်ပါ့မယ် ဆက်ပြီး လမ်းညွှန်ပါလို့ ပြောလိုက်တယ်။ နွားနို့ဗူး တဒါဇင်ကဒ်ကို ဝယ်ပြီး ကားကို ဆက်မောင်းလာခဲ့တယ်။

မကြာခင်မှာ ကားရပ်ပြီး နွားနို့ သွားပေးဖို့ လှုံ့ဆော်သလို ခံစား လိုက်ရတယ်။ သူ့ရှေ့မှာ မြင်နေရတဲ့ အိမ်က မှောင်မည်းပြီး လူမရှိတဲ့ ပုံစံမျိုး ဖြစ်နေတယ်။ လူရှိရင်လဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလောက်ပြီ။ သူက သွားနှိုးရင် လူတွေက သူ့ကို အနှောက်အယှက်သမား၊ ဒါမှမဟုတ် ကြောင် တောင်တောင်ကောင်လို့ ထင်သွားနိုင်တယ်။ တော်မီ နောက်ပြန်လှည့်ဖို့ အလုပ်မှာ အိမ်တံခါးကို ခေါက်ဖို့ နှိုးဆော်ခံရပြန်တယ်။ ချီတုံချတုံနဲ့ တံခါးကို မရဲတရဲ ခေါက်လိုက်တယ်။

"ဘယ်သူလဲ" လို့မေးသံနဲ့အတူ တံခါးပွင့်သွားတယ်။ တီရှပ် အနွမ်းနဲ့ ဂျင်းဘောင်းဘီစုတ်စုတ် ဝတ်ထားတဲ့ လူလတ်ပိုင်းတစ်ယောက်ကို တော်မီ တွေ့လိုက်ရတယ်။ "ဟို – ကျွန်တော် နွားနို့ လာပို့တာပါ" လို့ ပြောလိုက်တော့၊ အဲဒီလူက အခန်းထဲကို ပြေးဝင်သွားတယ်။ ပြီးတော့ သူနဲ့ အတူ မိန်းမငယ်တစ်ယောက် လသား ကလေးငယ်လေးကို ချီပြီး အခန်းထဲက ပြန်ထွက် လာတယ်။ နို့ဆာလွန်းတဲ့ ကလေးငယ်က အာခေါင်ခြစ်ပြီး ငိုနေတယ်။

မိန်းမငယ်က "ကျွန်မတို့ ––– နိုင်ငံက လာပြီး အလုပ်လုပ်ဖို့ ဒီနိုင်ငံကို လာခဲ့တာပါ အလုပ်လဲမရသေး၊ ပါလာတဲ့ ငွေတွေလဲကုန်ပြီး စားစရာ မရှိလို့ ကလေးအတွက် နွားနို့ရဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းနေတာပါ။ အခုလို နွားနို့ လာပို့ပေးတဲ့အတွက် ကျေးဇူး အများကြီးတင်ပါတယ်။ ဒါနဲ့ ရှင်က ဘုရားသခင် လွှတ်လိုက်တဲ့ ကောင်းကင်တမန်လားဟင်" လို့ အင်္ဂလိပ် စကားဝဲဝဲနဲ့ မေးပြောလေး ပြောလိုက်ပါတယ်။ လင်မယား နှစ်ယောက်စလုံး ဝမ်းသာလွန်းလို့ မျက်ရည်တွေ စီးကျလာတယ်။

တော်မီ ခေါင်းကို တွင်တွင်ရမ်းပြီး ခါပြလိုက်တယ်။ "ကျွန်တော် ကောင်းကင်တမန် မဟုတ်ပါဘူး၊ ဘုရားအပေါ်မှာ အမြဲ သံသယ ရှိတတ်တဲ့ သူပါ" လို့ ငိုသံပါကြီးနဲ့ ပြောပြီး သူ့ပိုက်ဆံအိတ်ထဲက ငွေတွေ အားလုံးကို လင်မယား နှစ်ယောက်ရဲ့ လက်ထဲထည့်ပေးပြီး လှည့်ထွက် သွားပါတော့တယ်။

**သားတော်မောင်အလီမ္မာ** ( ဘာသာပြန်စာမူဖြစ်ပါသည်)

---

# ခြင်္သေ့ဆုတောင်း

အမေရိကန် သာသနာပြု ဆရာကြီး ဂျော့ချ် ဟာ တောင်အာဖရိက နိုင်ငံ လူသူ အရောက်အပေါက် နည်းတဲ့ တောရွာ တွေဆီ သွားပြီး ဧဝံဂေလိ ဟောနေပါတယ်။

တစ်ခုသော ညနေခင်းမှာ ဆရာကြီးဟာ တောအုပ်တစ်ခုကို ဖြတ်ပြီး ရွာတစ်ရွာကို သွားနေတုံး ပြုန်းဆို တောထဲက ခြင်္သေ့တစ်ကောင် ထွက်လာပြီး သူ့ကို ခုန်အုပ်ဖို့ ဟန်ပြင်တာကို တွေ့လိုက်ရပါတယ်။ ဆရာကြီးလဲ ရုတ်တရက်ဆိုတော့ အရမ်းလန့်သွား တာပေါ့၊ ဒါပေမဲ့ အသက်အရွယ်နဲ့ အတွေ့အကြုံအရ တည်တည် ငြိမ်ငြိမ်နဲ့ စိတ်ကို ထိန်းနိုင်ခဲ့ တယ်။ ဒုက္ခ ရောက် ချိန်မှာ ဘုရားသခင်ကို ခေါ်ပါလို့ သူကိုယ်တိုင် လူ တော်တော် များ များ ကို တရားဟော ခဲ့ပေါင်း မနည်း တော့ပြီ မို့ ဘုရားသခင် သူ့ကို ကယ်ဖို့ နေရာမှာတင် ဒူးထောက် ချလိုက်ပြီး ဆုတောင်းဖို့ လက်အုပ် ချီလိုက်တယ်။



တကယ့်ကို အံ့သြစရာ ပါဘဲ။ သူက လက်အုပ်ချီ ဆုတောင်း ဖို့ ဟန်ပြင်လိုက်ချိန်မှာ သူ့ကို ခုန်အုပ်ဖို့ မာန်ဖီ နေတဲ့ သားရဲ တိရိစ္ဆာန် ခြင်္သေ့ကြီးလဲ သူ့ရှေ့မှာ သူ့လို ဒူးထောက်ပြီး လက်အုပ်ချီ ခေါင်းငုံ့ ဆုတောင်း နေတာကို တွေ့လိုက်ရတယ်။

ဆရာကြီးဟာ ဝမ်းသာအားရနဲ့ "ဟာလေလုယာ" လို့ထအော်ပြီး "အိုး – ဘုရားသခင်၊ တောဘုရင် သားရဲတိရိစ္ဆာန် ခြင်္သေ့ကြီးလဲ နလုံးသား ပြောင်းလဲ နောင်တရပြီး အသစ်သော သတ္တဝါအဖြစ်နဲ့ ခရစ်တော်ကို ခေါ်ဖိတ် လက်ခံဖို့ ဆုတောင်းနေတဲ့အတွက် ကျေးဇူးတော် ချီးမွမ်းပါတယ် " လို့ ပြောလိုက်သတဲ့။

အဲဒီအချိန်မှာ ခြင်္သေ့ကြီးက "ဟဲ့ – သောက်ရူး၊ ငါက နင်တို့ လူတွေလို နောင်တရ ရအောင် အရက်သောက်၊ ဖဲရိုက်၊ မြာပွေ၊ မတရား စီးပွား ရှာတဲ့သူ မဟုတ်ဘူးကွ။ ရိုးရိုးသားသား တောထဲမှာ ဘုရားကျွေးတာ စားနေတဲ့ သူကွ။ အခု အစာ မစားရတာ တပါတ်လောက်ရှိလို့ ဗိုက်အရမ်းဆာနေတာနဲ့ ဘုရားသခင် ဆီမှာ ဆုတောင်းနေတာကြာပြီ။ အခုတော့ ငါ့အတွက်ညစာက ငါ့ရှေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတဲ့အပြင် ငါ့ရဲ့သားကောင်ဖြစ်တဲ့ နင်ကိုယ်တိုင် လိုလိုလားလား ဒူးထောက်အစားခံလို့ ညစာ ချကျွေးတဲ့ ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းဆုတောင်းနေတာကွ" လို့ အော်ကြီးဟစ်ကျယ် ဟိန်းဟောက်ပြီး ပြန်ပြောလိုက်သတဲ့။ ။

**( အကျဉ်းချုပ်)** ( ဝန်ခံချက်။ ။ လက်ကိုင်ဖုန်းထဲ ရောက်လာတဲ့ ဓမ္မဟာသ သတင်း တစ်ခုကို ပြန်လည် တင်ပြခြင်းဘဲ ဖြစ်ပါတယ်။ )